၉။ ရှေးဂရိနိုင်ငံခေတ်က Home of the gods ဟူ၍ ထင်ရှားခဲ့သည့် တောင်မှာ မည်သည့်တောင်ဖြစ်ပါသနည်း။

၁၀။ ရှေးခေတ် မက်ဆိုပိုတေးမီးယားတိုင်းပြည် Meso-potamia သည် ယခုအခါ မည်သည့်နိုင်ငံတွင် တည်ရှိပါသနည်း။

၁၁။ ရှေးအီဂျစ်ခေတ်ကာလက မည်သည့် ဖာရော့ Pharaoh ဘုရင်လက်ထက်တွင် ရုပ်တုအမြောက်အမြား ထုလုပ်ထားရှိခဲ့ပါသနည်း။

၁၂။ ပင်-အမေရိကာလေကြောင်းလိုင်း Pan American ၏ ပထမဆုံး ကမ္ဘာပတ်နိုင်ငံတကာ ကုန်သွယ်လေကြောင်းလိုင်းအဖြစ် ဖွင့်လှစ်ပျံသန်းခဲ့သည့် နှစ်၊ လ၊ ရက်ကို ဖော်ပြပါ။

၁၃။ ဒုတိယကမ္ဘာစစ်ကြီးသည် မည်သည့်အကြောင်းကြောင့် မည်သည့်အချိန်က စတင်ဖြစ်ပွားခဲ့ပါသနည်း။

၁၄။ 'ကမ္ဘာ့သက်သတ်လွတ်စားသူများနေ့' World Vigetairan Day ကို နှစ်စဉ် မည်သည့်လ၊ နေ့ရက်တွင် ကျင်းပကြပါသနည်း။

၁၅။ ၁၉၈၂ ခုနှစ်က ကမ္ဘာပေါ်တွင် ပထမဆုံး နှလုံးတုဖြင့် ခွဲစိတ်အစားထိုးကုသနည်းကို တီထွင်ခဲ့သူမှာ မည်သူဖြစ်ပါသနည်း။

၁၆။ ကမ္ဘာ့ပထမဆုံး ရော့အင်ရိုး Rock 'n' rool သီချင်းအမည်နှင့် သီဆိုသူကို ဖော်ပြပါ။



၁၇။ ၁၆ ရာစုက ပန်းချီပညာရှင်နှင့် တီထွင်သူပညာရှင် လီယိုနာဒို ဒါဗင်ချီ Leonardo da Vinchi သည် ယခုခေတ် ဟယ်လီကော်ပတာ Helicopter ဟူ၍ ဖြစ်ပေါ်လာစေမည့် ဝင်ရိုးတွင် လည်သည့် တောင်ပံစက်ဒီဇိုင်းကို ရေးဆွဲခဲ့ရာတွင် အဆိုပါစက်ကို ယင်းကာလက မည်သို့ခေါ်ဆိုခဲ့ပါသနည်း။



၁၈။ မြန်မာ့ဝေဟာရထုံးစံ၊ ရှေးဟောင်းပုံပြင်၊ ဗုဒ္ဓသာသနာ၊ ပညာရေး စသည့်ဆောင်းပါးပေါင်း မြောက်မြားစွာကို ရေးသားခဲ့ကာ 'လွှတ်တော်မှတ်တမ်း ကောက်နုတ်ချက်'၊ အင်္ဂလိပ်ဘာသာဖြင့် 'ကလျာဏီသိမ်ကျောက်စာ'၊ 'မြန်မာဘာသာမူလတန်းလက်စွဲ'၊ 'မဟာဇနကဇာတ်တော်ကြီး'၊ 'ပုဂံသုတေသနမှတ်စု'၊ 'မန္တလေးသုတေသနမှတ်စု' စသည်တို့ကို ပြန်ဆိုပြုစုခဲ့သူ မြန်မာတိုင်းရင်းသား တရုတ်အနွယ်ဝင် ပညာရှင်ကြီးမှာ မည်သူဖြစ်ပါသနည်း။

၁၉။ စူးအက်တူးမြောင်း Suez Canal ကို မည်သည့်နိုင်ငံက မည်သည့်နှစ်၊ လ၊ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသနည်း။

၂၀။ 'ကလေးများ ကျန်းမာရေးနေ့' Child Heath Day ကို နှစ်စဉ် မည်သည့်လ၊ ရက်တွင် ကျင်းပကြပါသနည်း။

၂၁။ စက္ကန့် ၂၀ အတွင်း ကလေးငိုကြွေးရခြင်း ၅ မျိုးကို ခွဲခြားပေးနိုင်သည့် စက်ကိရိယာကို တီထွင်ခဲ့သူ စပိန်လူမျိုး လျှပ်စစ်ပညာရှင်မှာ မည်သူဖြစ်ပါသနည်း။

၂၂။ ပထမဆုံး 747 ဂျမ်ဘိုဂျက် Jumbo jet ကို မည်သည့်နှစ်က တည်ဆောက်ကာ မည်သည့်နှစ်တွင် စတင်ပျံသန်းခဲ့ပါသနည်း။

၂၃။ ရောမခေတ်က ရောမမြို့တော်ကို မည်သည့်မြစ် ကမ်းပေါ်တွင် တည်ဆောက်ခဲ့ပါသနည်း။

၂၄။ ဂရိတ်ဗြိတိန်နိုင်ငံတွင် မြို့တစ်မြို့၌ နေထိုင်သူများကို Novacas-trians ဟူ၍ ခေါ်ဝေါ်ကြရာ ယင်းမြို့မှာ မည်သည့်မြို့ ဖြစ်ပါသနည်း။

၂၅။ ကော်ဖီထုပ် cole ကို ခေါ်ဆိုသည့် နောက်အမည်တစ်မျိုးကား အဘယ်နည်း။